ဒုတ္ထိုးရေကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဒုတ္ထိုးရေကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၄ခုနှစ်

ဒုတ္ထိုးရေကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြဓြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ဘဏ္ဍာရေးနှစ် မှ ၂၀၂၈/၂၉ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၂၅ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဒုတိုးရေကျေးရွာ
ရွာင်မြို့နယ်

ဒုတ္ထိုးရေကျေးရွာ သယံဇာတပြမြေပုံ




ဒုဋ္ဌီးရော ကျေးရွာ ရာသီ[illegible] ပြက္ခဒိန်

စဉ်	အမည်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	ဩဂုတ်	စက်	အောက်	နို	ဒီ
၁.	ရာသီဥတု												
၂.	သောက်သုံးရေ												
၃.	စိုက်ပျိုးရေး												
၄.	ပိုးမွှားကျရောက်မှု												
၅.	မွေးမြူရေး		x	x	x	x	x	x		x	x	x	
၆.	ရောဂါကျရောက်မှု												
	ကျန်းမာရေး												
	ကျပင်း						x	x	x				x
၈.	ဝင်ငွေ												
	ဘာသာရေးပွဲတော်												

၂၉.၁၀.၂၀၂၄

ဒုတိုင်းရေးကျေးကွာ အဖွဲ့အစည်းချိတ်ဆက်ပြ ပြေပုံ



၂၉.၁၀.၂၀၂၄

၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ဒုတ္ထိုးရေကျေးရွာသည် ရွာငံမြို့နယ် ဒုတ္ထိုးရေကျေးရွာအုပ်စုတွင် ပါဝင်သည်။ ဒုတ္ထိုးရေကျေးရွာသည် ရွာငံမြို့-မန္တလေးလမ်းမအနီးတွင် တည်ရှိပြီး ရွာငံမြို့နှင့်(၁၅)မိုင် တွင် တည်ရှိသောကျေးရွာ ဖြစ် ပါသည်။ ကျေးရွာသည် ကုန်းမြင့်ဒေသဖြစ်ပြီး သစ်တောများ ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ဒုတ္ထိုးရေကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့ရာတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတု ဖောက်တတ်ပါသည်။ သဘာဝအရင်း အမြစ်များ အနေဖြင့် ကျောက်တောင်များနှင့် သစ်တောအနည်းငယ်ရှိ၍ သစ်တောပြုန်းတီးလာနေပါပြီ။ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်း အတွေ့ရများသော အပင်များသာ ဖြစ်ပါသည်။ ကျေးရွာလူထုအတွက် ထင်း၊ဝါး၊ဆေးဖက်ဝင်အပင်များရရှိသည်။ စားကျက်မြေသီးသန့်ရှိပြီး သဘာဝတိရိစ္ဆာန်မျိုးစိတ်များ လည်း ရှိသည်။ ဆေးဖက်ဝင်အပင်များမှာ ပေါများစွာရှိပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ဒုတ္ထိုးရေကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၆၄)စုနှင့် ကျား(၃၀၅)၊ မ(၃၀၀)ဦး ဖြင့် လူဦးရေ ပေါင်း (၆၀၅)ဦး ရှိပါသည်။ ကျေးရွာတွင် ဓနလူမျိုးများအများဆုံးနေထိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် (၆၀%) ရှိပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများလည်း လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး လုပ်ငန်းများ အတွက် အားတက်သရောပါဝင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဒုတ္ထိုးရေကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေရိယာမှာ ဥယျာဉ်ခြံမြေ ဧက(၁၂၀)၊ယာမြေ ဧက(၅၀) နီးပါးရှိပါသည်။ အဓိကအားဖြင့် လက်ဘက်၊ထောပတ်သီး၊ဂေါ်ဖီနှင့် ကော်ဖီ တို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသား အိမ်ထောင်စုများသည် နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင် ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံဈေးကွက်ပေါ်မူတည်ပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝ မြေဩဇာ ကို ရွာငံမြို့တွင် အလွယ်တကူဝယ်ယူ အသုံးပြုပါသည်။ သီးနှံများကို ရောဂါကျရောက်တတ်ခြင်း၊ကျောက်တောင်များ ပေါများနေခြင်းကြောင့် စိုက်ပျိုးမြေများမတိုးချဲ့နိုင်ပါ။ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာမှာ စိုက်ပျိုးရေး ဓါတုမြေဩဇာ အသုံးပြုမှုနည်းခြင်း၊ ဈေးကွက် ခက်ခဲခြင်းတို့ ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဒုတ္ထိုးရေကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၁၀)စု ရှိပြီး၊ နွားကောင်ရေ (၈၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၃၀)စု ရှိပြီး ဝက်ကောင်ရေ(၄၀)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ် မွေးမြူကြသည်။

ကျေးရွာတွင် နွားများအတွက် သောက်သုံးရေ အသင့်အတင့်ရှိပါသော်လည်း လိုအပ်လျက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်မတွက် အခက်အခဲပြဿနာမှာ မွေးမြူနိုင်ရန် စားကျက်မြေလုံလောက်မှုမရှိခြင်း ၊ တိရိစ္ဆာန်ရောဂါ ကျရောက် မှုနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပံ့မှန်မရရှိပေ။ စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) ငါးလုပ်ငန်း

ဒုတ္ထိုးရေကျေးရွာသည် တောင်ပေါ်တွင် တည်ရှိသောကြောင့် ငါးလုပ်ငန်းများ ဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ဒုတ္ထိုးရေကျေးရွာတွင် အိမ်ထောင်စုများသည် မိမိတို့ကိုယ်ပိုင်မြေကွက်များတွင် စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများ၊နေ့စားအငှားလိုက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် ပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း ဈေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြခြင်း ဈေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေ ရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ အများအပြားရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဒုတ္ထိုးရေကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများရယူကြပြီး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။အရေးပေါ်ငွေကြေးလိုအပ်မှုများအတွက် ဆွေးမျိုးများထံမှ ချေးငွေများ ရယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ဒုတ္ထိုးရေကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော် ဆိုင်ကယ်နှင့် ထော်လာဂျီ များကို အဓိကထား အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း နှေးကွေးလျက်ရှိသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရ အလွန်ခက်ခဲပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် အစိုးရလျှပ်စစ်မီး သုံးစွဲသောအိမ်ထောင်စု(၁၀၀)စုနှင့် ဆိုလာမီးသုံးစွဲသော အိမ်ထောင်စု (၂၀)ခန့် နှင့် မီးအသုံးမပြုသော အိမ်ထောင်စုအနည်းငယ်ကျန်ရှိပါသည်။ ထို့ကြောင့် ကျေးရွာ၏ အချို့သော အိမ်ထောင်စုများမှာ ချက်ပြုတ်ရေးအတွက် ထင်းခုတ်၍ သုံးစွဲရသောကြောင့် သစ်တောများပြုန်းတီးလာနေပြီ ဖြစ်ပါသည်။ ရာသီဥတုများ ဆိုးဆိုးရွားရွား ဖောက်ပြန်လာမည်ကို စိုးရိမ်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၅၀)လုံး ၊ရေဒီယို (၅)လုံးနှင့် တီဗွီ(၂၅)လုံး တို့မှ ရရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်း ပညာရေးအဆင့်သာ သင်ကြားရပြီး အဋ္ဌမတန်းမှ အထက်တန်းအထိ ပညာရေးကို အခြားကျောင်းများသို့ သွားရောက်၍ သင်ယူရပါသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလေ့လာကြသော်လည်း ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်ကြပါ သည်။ အထက်တန်း တက္ကသိုလ် ပညာတတ်မြောက်သူ အနည်းငယ်ရှိပါသည်။ ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စား စေရန် အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်းလိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဒုတ္ထိုးရေကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့် (၃)မိုင်ကွာဝေးသည့် ယုန်တောင်ကျေးရွာကျေးလက်ဆေးပေးခန်းတွင် ရရှိနိုင်ပါသည်။ရွာသူ/သားများ ကြီးကြီးမားမား ရောဂါဖြစ်ပွားပါက ရွာငံမြို့နယ်ဆေးရုံသို့ သွားရောက်ကြပါသည်။

ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် နှောင့်နှေးမှု မရှိစေရေးအတွက် ဆေးပေးခန်း ရရှိရန် ကျေးရွာသူ/သားများ လိုလားနေကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

ကျေးရွာတွင်သောက်သုံးရန်အတွက် မိုးရေလှောင်ကန်များကို အသုံးပြုကြပါ သည်။ ချက်ပြုတ်၊လျှော်ဖွတ်ရန် အတွက် မိုးရေလှောင်ကန်ဖြင့် လှောင်ထားရခြင်း စိမ့်စမ်းရေများ ကိုယ်စား အသုံးပြုကြပါသည်။

ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာလူထုအား ကျန်းမာရေးဟောပြောပွဲများ ပြုလုပ် ပေးရန် ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိ အချိန်ထိ သဘာဝဘေး အန္တရာယ်ကြီးများစွာ ကျရောက်မှု မရှိပါ။ သို့သော်လည်း တောင်တန်းဒေသဖြစ်သဖြင့် လေတိုက်မှု အန္တရာယ်ကို စိုးရိမ်နေရပါသည်။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများ လည်းမရှိပါ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာရေးဟောပြောပွဲများ လုပ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာလျှင် ကျေးရွာသူ/သားများ အနေဖြင့် ကောင်းကျိုး/ဆိုးကျိုးများ ခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ တန်းတူညီမျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်လာမှုရှိလာပါသည်။ သာရေးနာရေးလုပ်ငန်းများတွင်လည်း အမျိုးသား/အမျိုးသမီးများ၏ စိတ်ဓါတ်စွမ်းရည်ကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး/ လူမှုရေး/ အုပ်ချုပ်ရေး စသည့်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသား/အမျိုးသမီးများ ပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ် နေပါသည်။

၁၀။ ဒုတ္ထိုးရေကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ နောက်ဆက်တွဲ(၁)

ကျေးရွာအုပ်စုအမည်- ဒုတ္ထိုးရေကျေးရွာအုပ်စု ကျေးရွာအမည်-ဒုတ္ထိုးရေကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ဖွံ့ဖြိုးရေး	ကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းခင်းရန်အတွက် ဘိလပ်မြေ လိုအပ်ခြင်း	ကွန်ကရစ်လမ်းခင်းရန်အတွက် ဘိလပ်မြေ ဝယ်ယူခြင်း	
၂။	ပညာရေး	ကျေးလက်ဆေးပေးခန်း လိုအပ်ခြင်း	ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း	
၃။	ဖွံ့ဖြိုးရေး	ဘက်စုံသုံးခန်းမ လိုအပ်ခြင်း	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	
၄။	ဖွံ့ဖြိုးရေး	စာသင်ကျောင်း အုတ်တံတိုင်းကာရံရန် လိုအပ်ခြင်း	စာသင်ကျောင်းအုတ်တံတိုင်း ကာရံခြင်း	
၅။	ပညာရေး	ကျေးရွာတွင်း လမ်းများ ကွန်ကရစ်လမ်းခင်းရန် လိုအပ်ခြင်း	ကျေးရွာတွင်း လမ်း ကွန်ကရစ်လမ်းခင်းခြင်း	

ဒုတိုုိးရေကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(၂)

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးမျိုးလွင်ဦး	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၈၉၉၅	၀၉-၄၅၅၅၀၅၈၉၅	
၂။	ဦးခင်မောင်ဆန်း	အတွင်းရေးမှူး	၉/သစန(နိုင်)၀၉၆၉၆၆	၀၉-၂၅၇၃၄၀၃၅၅	
၃။	ဦးသိန်းနိုင်	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၄၃၂၆၈	၀၉-၇၇၀၂၇၇၄၉၆	
၄။	ဦးမောင်လင်းသန့်	ဝယ်/ဆပ်ကော်မတီ ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၅၄၆၉၂		
၅။	ဒေါ်စောနှင်းထွေး	ဝယ်/ဆပ်ကော်မတီ စာရင်းကိုင်	၁၃/ရငန(နိုင်)၀၃၇၂၅၃	၀၉-၈၈၇၄၀၂၉၅၆	
၆။	ဒေါ်ဇင်မာခိုင်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၆၁၂၄၉	၀၉-၄၀၉၀၀၆၈၇၂	
၇။	ဒေါ်ဇင်မာဖြူ	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၆၉၂၅၃	၀၉-၂၅၅၁၁၄၀၇၅	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ဒုတိုးရေကျေးရွာ) နောက်ဆက်တွဲ(၃)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာတွင်းသို့ ဝင်သည့် လမ်းမှာ မတ်ဆောက်သောကြောင့် သွားလာရာ ခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း	ကျေးရွာမှ လုပ်အားပေးနိုင်ခြင်း	ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကွန်ကရစ်လမ်းခင်းရန်အတွက် ဘိလပ်မြေ ဝယ်ယူခြင်း
၂။	အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက နှောင့်နှေးခြင်း	ကျေးလက်ဆေးပေးခန်းမရှိခြင်း	ကျေးရွာမှ လုပ်အားပေးနိုင်ခြင်း	ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း	ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း
၃။	နေရာကျယ်ကျယ်ဖြင့် အစည်းအဝေးပြုလုပ်နိုင်မှုအားနည်းခြင်း	ဘက်စုံသုံးခန်းမ မရှိခြင်းကြောင့် အစည်းအဝေးများတွေ့ဆုံပွဲများအတွက် အဆင်ပြေမှုအတွက်လိုအပ်ခြင်း	ကျေးရွာမှ လုပ်အားပေးနိုင်ခြင်း	ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း
၄။	ကျောင်းပတ်ဝန်းကျင် လုံခြုံမှုမရှိခြင်းကြောင့် ပစ္စည်းများ ပျောက်မှာ စိုးရိမ်ရခြင်း	ကျောင်းတွင်း လုံခြုံမှု မရှိခြင်း	ကျေးရွာမှ လုပ်အားပေးနိုင်ခြင်း	ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း	ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စာသင်ကျောင်း အုတ်တံတိုင်း ကာရံခြင်း
၅။	မိုးရာသီတွင် သွားလာရန် ခက်ခဲခြင်း	ရွာတွင်း လမ်းများ မတ်စောက်သောကြောင့် သွားလာရခက်ခဲပါသဖြင့် ကုန်စည်ပို့ဆောင်မှု နှောင့်နှေးခြင်း	ကျေးရွာမှ လုပ်အားပေးနိုင်ခြင်း	ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင်း လမ်း ကွန်ကရစ်လမ်းခင်းခြင်း

နောက်ဆက်တွဲ(၄)

ဒုတ္ထိုးရေကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။	ကွန်ကရစ်လမ်းခင်းရန်အတွက် ဘိလပ်မြေ ဝယ်ယူခြင်း	၁	၂				
၂။	ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း	၂		၂			
၃။	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၃			၂		
၄။	စာသင်ကျောင်းအုတ်တံတိုင်း ကာရံခြင်း	၄				၂	
၅။	ကျေးရွာတွင်း လမ်း ကွန်ကရစ်လမ်းခင်းခြင်း	၅					၂